မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေရာကွက်ကျား မိုးရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၂၃ ရက်)

ဝန်ဆောင်မှုကောင်းများဖြင့် ခရီးသွားလုပ်ငန်းအောင်မြင်ရေးစွမ်းဆောင်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိနိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေကြိုးပမ်းလျက်ရှိကြသည်။ ထို့ကြောင့် ယနေ့အချိန်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာ၌ ရေပန်းစားလာသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းအောင်မြင် တိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပခရီးသွားကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အခါ နိုင်ငံတစ်ဝန်း၌ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာသည့်အတွက် ခရီးသွားလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခဲ့ပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းများ အောင်မြင်တိုးတက်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေထိုင်စားသောက်ရေးအတွက် ဟိုတယ်လုပ်ငန်းဆိုင်ရာများတွင် ဝန်ဆောင်မှုကောင်းရန်နှင့် ခရီးသွားလုပ်ငန်းများအတွက် ဝန်ဆောင်မှုကောင်းရန်လည်း လိုအပ်သည်။ ဟိုတယ်ဝန်ထမ်းများသည် လုပ်ငန်းကျွမ်းကျင်သူများဖြစ်ရန် အရေးကြီးသည့်အလျောက် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးမြင့်မားသည့်သူများထားရှိပါက ဟိုတယ်လုပ်ငန်းများအောင်မြင်တိုးတက်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများတွင်လည်း ခရီးသည်များ စိတ်ကျေနပ်မှုရရှိရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းတွင် အရည်အသွေးမြင့်မားသူများကို လေ့ကျင့်ပြုစုပျိုးထောင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ပုဂံနှင့် ရခိုင်ပြည်နယ်တို့ရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများနှင့် အနုပညာလက်ရာများကို ခရီးသွားဧည့်သည်များ စိတ်ဝင်စားကြသည်။ နိုင်ငံအတွင်းရှိ သဘာဝဖြစ်တည်လျက်ရှိသည့် သဘာဝကမ်းခြေများသည်လည်း ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေအနားယူရန် ကောင်းသော နေရာများဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလုံခြုံမှု၏ ပြယုဂ်ပင်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်သွက်လက်ထက်မြက်သော ဟိုတယ်နှင့်ခရီးသွားဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးသွားပါက ချစ်စရာကောင်းသည့် မြန်မာလူမျိုးတို့၏ ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေပွန်မှုများသည် ခရီးသွားဧည့်သည်များအတွက် စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်ရေး ဝန်ဆောင်မှုကောင်းများဖြင့် စွမ်းဆောင်ကြပါရန် ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ မော်လမြိုင်၌ကျင်းပ

မော်လမြိုင် ဇွန် ၂၂

၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို မွန်ပြည်နယ်ဦးစီးဌာနမှူးရုံး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင် တက်ရောက်၍ ကျောင်းသား ကျောင်းသူလေးများ ပိုစတာရေးဆွဲပြိုင်ပွဲဝင်ရောက်မှုကို ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ) ထိုနေ့က ကျင်းပခဲ့သော ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၁၄ ဦး စုစုပေါင်း ၄၇ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆက်လက်၍ ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကိုလည်း ဇွန် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မူးယစ်ဆေးဝါးနှင့် အိပ်ချ်အိုင်ဗွီပိုးဆက်နွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း ကြည့်မြင်တိုင်မြို့နယ်၌ဖွင့်

ရန်ကုန် ဇွန် ၂၂

မူးယစ်ဆေးဝါးနှင့် အိပ်ချ်အိုင်ဗွီပိုးဆက်နွယ်မှုနှင့် မိခင်မှသန္ဓေသားသို့ ကူးစက်မှု ကာကွယ်ရေးအကြောင်းနှင့်စပ်လျဉ်း၍ ပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ ရက်က ကြည့်မြင်တိုင် မျက်မမြင်ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး(အပေါ်ပုံ) က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA Project Office) မှ စီမံကိန်း ညှိနှိုင်းရေးမှူး ဒေါက်တာ ဦးမောင်မောင်လွင်တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မအူပင်မြို့နယ် နည်းပညာတက္ကသိုလ်သွားလမ်း ကျောက်ဖြည့်သဲညှပ်ပြုပြင်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်တိုးတိုးအောင်နှင့် အဖွဲ့ဝန်ထမ်းများဆောင်ရွက်နေမှုကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်မြို့နယ်၌ ကတ္တရာလမ်း ပြုပြင်

ဗန်းမော် ဇွန် ၂၂

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းဗိုလ်ချုပ်လမ်းနှင့် ကန်တော်ကြီးလမ်း ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၇ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင်နှင့်အဖွဲ့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပုသိမ်၌ ပျိုးထောင်စိုက်ပျိုး

ပုသိမ် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့နယ် မဒေါကုန်းကျေးရွာအုပ်စု တောင်သူဦးဖိုးတားလား၏လယ်မြေ၌ ဆင်းသုခစပါးနှစ်ကေအား သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုးထောင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်မန်နေဂျာ ဦးလှမျိုးနွယ်နှင့် မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ကြပြီး ပေါင်းစနစ်ဖြင့်စိုက်ပျိုးခြင်းကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး **H.E. Mr. S.M. Krishna** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ဇာတ်လမ်းတို
၄း၂၅ ၇။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၉။ မွေးမြူသုတ
၄း၅၀ ၁၀။ မြန်မာသံစဉ် ချိုနားဝင်
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၆)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၃)
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၂၂)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ကုန်သွယ်သုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၂၇)
၂၇။ ဂီတရင်ခုန်သံ

တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. Alexey N. Borodavkin** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mikhail MGELADZE တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးဆောင်ရွက်

ပြည်သူအပေါ်စေတနာထားကာ လုပ်ငန်းများအောင်မြင်ရေးကြိုးပမ်း

နေပြည်တော် ဇွန် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ဦးစီးဌာနမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများက ဒေသခံပြည်သူများနှင့်ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများ၏ အသက်(၁၀)နှစ်ပြည့် လျှောက်ထားခြင်း၊ အသက်(၁၈)နှစ်ပြည့်လဲလှယ်ခြင်း၊ ပျက်စီး/ပျောက်ဆုံး၍ မိတ္တူလျှောက်ထားခြင်းများအတွက် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်သန်းက ပြည်သူတစ်ဦးချင်းထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လျှောက်ထားသူ ပြည်သူများအား မိမိဌာနမှနိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေး၍ မှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး ရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ပြည်သူအပေါ် စေတနာထားကာ လုပ်ငန်းများအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ် သာယာလှပရေး ဆောင်ရွက်ရန် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ပြန်လည် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H. E. Mr. S.M.Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ် (၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ရှိ ပါတီများမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H. E. Mr. S.M.Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan. Seshadri လည်း တက်ရောက်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး **H. E. Mr. S.M.Krishna** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ် (၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်ကော်မတီ (၄)ရပ်မှ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mikhail MGELADZE နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ် (၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဋ္ဌမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin သည် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြားကျင်းပသည့် ပဋ္ဌမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိသည်။

အမြင်ချင်းဖလှယ်

ထို့နောက် မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဋ္ဌမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်၍ တက်ရောက်ပြီး ရုရှားကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်၍ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်မှု၊ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတကာအရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဋ္ဌမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သစ်တောနှင့် သစ်ပင်ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ဆောင်ရွက်နေသည့် အန္တရာယ်များရှိနေ

အသိတရားနှင့်ယှဉ်၊ သတိတရားနှင့်ပေါင်းစပ်၍ ကာကွယ်စောင့်ရှောက်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကား ပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆုရဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ပညာရေးမဏ္ဍိုင်၏ အဋ္ဌိမရည်မှန်းချက်သည်သညာအဆင့်မှ ပညာအဆင့်သို့ တက်လှမ်းနိုင်ရေးဖြစ်သည့်အတွက် လူငယ်လူရွယ်များ အနေဖြင့် ဆတက်ထမ်းပိုးကြိုးစားသင်ယူလေ့လာကြစေလိုကြောင်း။

တာဝန်ကျေပွန်

မိမိ တတ်မြောက်ရရှိထားသည့် ပညာအဆင့်ကို မိမိအတွက်ရော၊ မိမိသားစုအတွက်ရော၊ ရပ်ရွာဒေသအပါအဝင်နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးအတွက် ထိရောက်စွာ အကျိုးပြုအသုံးချပေးဆပ်နိုင်မှသာတာဝန်ကျေပွန်သည့် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာမည်ဖြစ်ကြောင်း၊ အနာဂတ်ပညာရေးအတွက်ဆက်လက်တက်လှမ်းကြရာတွင် နိုင်ငံတော်ကပေးအပ်ထားသည့်ပညာရေးအခွင့်အလမ်းများအပါအဝင် နိုင်ငံတကာ ပညာရေးအခွင့်အလမ်းများအထိ တက်လှမ်းနိုင်ရန် ကျောင်းသားကျောင်းသူများကိုယ်တိုင်ကြိုးစားကြရမည်ဖြစ်သကဲ့သို့ လိုအပ်လာပါက ဌာနကလည်းအတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း။

ဝန်ထမ်းပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ဌာန၏လုပ်ငန်းများ အောင်မြင်ရေးအတွက် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုများကို အားပေး အသိအမှတ်ပြု တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဝန်ကြီးဌာန၏ စည်းလုံးညီညွတ်မှုနှင့် မှန်ကန်သည့် ဌာနစိတ်ဓာတ်မြင့်မားလာပြီး မြင့်မားသည့် စွမ်းဆောင်အောင်မြင်မှုများကို ရယူနိုင်မည်ဖြစ်ကြောင်း။

ကြိုးပမ်းတည်ဆောက်

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် တိုင်းပြည်နှင့် လူမျိုးအတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရသည့်ဌာနဖြစ်သည်ကို နားလည်သဘောပေါက်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်ရန်၊ တန်ဖိုးထားတတ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးမြှင့်တင်ရသည့်အမျိုးသားရေး၊ အမျိုးသား နိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေကြရသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့်အနုပညာရှင်များ၊ ပညာရှင်များဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ကြောင်း။

ဌာနအလိုက် ရည်မှန်းချက်တာဝန်များချမှတ်ပြီးအောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်သည့်အပြင် ချမှတ်ပေးထားပြီးဖြစ်သည့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အချက်(၁၄)ချက်ကို တိကျစွာလိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် ဝန်ထမ်းတစ်ဦးချင်းအတွက်ရော၊ ဌာနအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း။

ကာကွယ်ဆောင်ရွက်

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံး လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင် ဖြစ်ကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ဆောင်ရွက်နေသည့် အန္တရာယ်များ ရှိနေကြောင်း၊ မိမိနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံ လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီးဖြစ်ရာ အခြေခံဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာဖြင့် ဆက်လက်လျှောက်လှမ်း အကောင်အထည်ဖော်နိုင်မည်ဆိုပါကမလွဲမသွေ အောင်မြင်ရမည် ဖြစ်ကြောင်း၊ ဤသည်ကိုဝန်ထမ်းများသိရှိ နားလည်သဘောပေါက်ပြီး အသိတရားနှင့်ယှဉ်၊ သတိတရားနှင့် ပေါင်းစပ်၍ ကာကွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးအောင်နိုင်မြင့်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးတင်စိုးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးတို့ထံ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးကျောင်းသားကျောင်းသူများအနက် ငါးဘာသာဂုဏ်ထူးရှင်၊ လေးဘာသာဂုဏ်ထူးရှင်နှင့် နှစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအနက် တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးခဲ့

ယနေ့ကျင်းပသည့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆုရရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၁၅၃၄၀၀၀တန်ဖိုးရှိ ဗလာစာအုပ် ၂၀၄၆ ဒါဇင် အပါအဝင် စုစုပေါင်း ငွေကျပ် ၄၆၈၂၀၀၀ ထောက်ပံ့ပေးခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပရိဘောဂဒီဇိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အာဆီယံ-ကိုရီးယားစင်တာနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ပရိဘောဂဒီဇိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစီမံခန့်ခွဲခြင်း အလုပ်ရုံ ဆွေးနွေးပွဲ (Seminar on Furniture Design Development and Quality Management) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အာဆီယံ-ကိုရီးယားစင်တာမှ အထွေထွေအတွင်းရေးမှူး Mr. Cho Young Jai က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Kim Hae Yong တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အာဆီယံ-ကိုရီးယား အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အရှေ့တောင်အာရှ ပရိဘောဂများနှင့် ကိုရီးယားသမ္မတနိုင်ငံ ပရိဘောဂဒီဇိုင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို ကိုရီးယားသမ္မတနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့သွားရန်နှင့် မြန်မာ့ပရိဘောဂပစ္စည်းများ ကိုရီးယားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် အာဆီယံ-ကိုရီးယားကုန်စည်ပြပွဲ (အာဆီယံနိုင်ငံများမှ ပရိဘောဂပြပွဲ)ကို ၂၀၁၁ခုနှစ် ဩဂုတ်လတွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီနှစ်ခုကို ကိုရီးယားသမ္မတနိုင်ငံသို့ စရိတ်ကျခံဖိတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့်ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

Australian Visa and Student Services Group မှ ကြီးမှူး၍ ဩစတြေးလျနိုင်ငံတွင် လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာများကို UMFCCI အဆောက်အအုံ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် Ms. Sanporn Keansomchit (Vice President-Thai Australian Chamber of Commerce "TACC", Managing Director - AVSS Group Management, Australian Immigration Specialist) နှင့် Mr. Paul Kim (Director - Australian Visa & Student Services Pty Ltd, Australian Immigration Specialist) တို့က ဆွေးနွေးဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် AVSS Myanmar ရုံးခန်း ဖုန်း-၃၉၃၃၆၆၊ ၀၉-၅၁၄၇၂၂၇၊ ၀၉-၅၀၁၄၃၃၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ညှိအဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် Merlin အဖွဲ့မှ Country Director-Dr. Paul Sender သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဩစတြေးလျနှင့်နယူးဇီလန် Interplast အဖွဲ့မှ Dr. Ross Sutton ခေါင်းဆောင်၍ Mr. Michael Leungနှင့် Ms. Terese Karaan တို့ ပါဝင်သော အဖွဲ့သည် နံနက်၁၀နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

Merlin အဖွဲ့နှင့် တွေ့ဆုံစဉ် မိခင်နှင့်ကလေးကျန်းမာရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး ကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအောက်ခြေအထိ ထိရောက်မှုရှိအောင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဩစတြေးလျနှင့် နယူးဇီလန် Interplast အဖွဲ့နှင့် တွေ့ဆုံစဉ် မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသရေးကိစ္စရပ်များ၊ မီးလောင်ဒဏ်ရာနှင့် အခြားအစားထိုး ခွဲစိတ်ပြုပြင်ကုသမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အထူးကုဆရာဝန်များအား လေ့ကျင့်သင်တန်းပေးရေးနှင့် ပါရဂူဘွဲ့ တက်ရောက်နိုင်ရေး ပံ့ပိုးမှု အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၈ ရက်က အထက(၁) ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (၀၄၂)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၂

ဦးခင်မောင်ဆယ် (ဆောက်လုပ်ရေး-ငြိမ်း)သည် ကစားဖော်များ ဖြစ်ကြသော ဦးနေစိုးနိုင် (ဆောက်လုပ်ရေး)၊ ဦးမျိုးချစ် (ဆောက်လုပ်ရေး)၊ ဦးသန်းထွန်း (ဆောက်လုပ်ရေး)တို့နှင့်အတူ ဇွန် ၁၇ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON No. (1) ဘောလုံးကို BRIDGESTONE IRON (9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၆ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ အထကကျောင်း(ခွဲ) ဖွင့်ပွဲကို ဇွန် ၁၇ ရက်က အဆိုပါကျေးရွာကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ထန်းတပင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၄၈)

သီပွံ့နည်းကျ မိုးစပါးစိုက်ပျိုးရေး ပညာပေးဆွေးနွေး

သဲကုန်း ဇွန် ၂၂

ပြည်ခရိုင် သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု ရွာသာလှကျေးရွာ၌ သီပွံ့နည်းကျ မိုးစပါးစိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးစိုးနိုင်နှင့် တိုင်း/ခရိုင် စိုက်ပျိုးရေးပညာပေးအဖွဲ့များ၊ မြို့နယ်မန်နေဂျာ ဦးအောင်ဝင်းနှင့် ဝန်ထမ်းများက မိုးစပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်သီပွံ့နည်းကျ စိုက်ပျိုးနည်း ၁၄ ချက်ကို ပညာပေး ဆွေးနွေးကြသည်။ **(ဝဲပုံ)**

သီပွံ့နည်းကျ

သဲကုန်းမြို့နယ်၌ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးစပါး ၉၈၆၉၇ ဧက စိုက်ပျိုးမည်ဖြစ်ရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက သီပွံ့နည်းကျ စိုက်ပျိုးရေးနည်းစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးကြရန် ကွင်းဆင်းပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ခရီးနားဖြစ်အောင် ကြိုးစားကြ**
တရားတော်
(ဆရာတော် အရှင်တေဇနိယ)
၆:၄၀ မဟိယင်္ဂဏ(ခေါ်)မရှိခဏ
စေတီတော်....ဖူးကြစို့နော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ
(အပိုင်း-၄၃)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၀၁)
၈:၅၀ မြိုင်ပရဟိတကျောင်းတိုက်မှ
ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့်
မူလွန်ကျောင်းဖွင့်ခွင့် လက်မှတ်
အပ်နှင်းပွဲ
၉:၀၅ မြန်မာ့ဩဘာကုမ္ပဏီ၏
အထွက်တိုးပြိုင်ပွဲတွင် ဆုရရှိသော
ဦးကြီးများအား ဂုဏ်ပြုပွဲနှင့်
၂၀၁၀-၂၀၁၁ ကံစမ်းမဲဖွင့်ပွဲ
၉:၂၀ Fashion Talk
(Hip Hop Fashion)
၉:၅၀ ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့်
အသည်းခြောက်ရောဂါ
(အပိုင်း-၁)
ပါမောက္ခခင်မောင်ဝင်း
(အသည်း)
၁၀:၁၅ မြန်မာ့လက်မှု အနုလက်ရာစုံစွာ...
၁၀:၂၅ သီချင်းကောင်းကောင်း
သီချင်းတောင်း
၁၀:၅၅ The Champion of Dance
၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ မြန်မာ့ရတနာ ရွှေစိမ်းပြာ
အကြောင်း ဆွေးနွေးခြင်း
၁၂:၃၅ မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော
တမုတ်ရှင်ပင် ရွှေဂူကြီးဘုရား
၁:၀၀ **ခရီးနားဖြစ်အောင် ကြိုးစားကြ**
တရားတော်
(ဆရာတော် အရှင်တေဇနိယ)
၁:၅၀ ပူဇော်လှူဒါန်း ကြာသင်္ကန်း
၂:၀၀ MRTV-4 သတင်း
၂:၂၀ ရန်ကုန်မြင်ကွင်းကျယ်
[အထက-၂ ဗဟန်း
(နန်ယန်)
အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ
အခမ်းအနား]
၂:၅၅ ရှမ်းမြောက်မြေက....
မွေးကြိုင်သင်းပျံ့....ဝူးလုံရန့်
၃:၀၅ Steel King Co., သစ်ဖွင့်ပွဲ
အခမ်းအနား
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ
(အပိုင်း-၄၃)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၀၁)
၅:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ
အဖြူရောင်ရဲတိုက်
ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
၅:၂၅ ခတ်ပုံထဲမှအမှတ်တရများ
(ကောင်းခန့်)
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
[Eleven Media Group
(၁၁)နှစ်ပြည့် အခမ်းအနား]
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ
(အပိုင်း-၄၄)
၇:၁၀ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း
တစ်ယောက်တည်းနေတာ ကောင်းတယ်၊
တစ်ယောက်တည်းမနေတာ ကောင်းတယ်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၀၂)
၁၀:၂၀ အားကစားမြင်ကွင်းစုံ
၁၀:၄၅ အနုပညာမိုးကောင်းကင်
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၂၅ ဂီတသရုပ်ပြခန်း (သဲနုဝါ-
သက်တန့်ပေါ်မှာကစားမယ်)
၁၁:၅၀ ရွှေဖြူဟုခေါ်သည် (အပိုင်း-၁)
၁၂:၁၀ ဖန်တီးသူနှင့် အနုပညာ
(ချစ်သုဝေ)
(အပိုင်း-၁)
၁၂:၄၀ My Night, My Dream
AND Tri-C
၁၂:၅၀ Rh (Negative)
သွေးလိုအပ်ခြင်းအကြောင်း
သိကောင်းစရာ
၁:၁၅ နယ်ညဉ်ဆန်းထွင် ပန်းအလှဆင်
"L" ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၁:၃၅ သတင်းကောင်း
သျှားညို၊ ဆုပန်ထွာ၊ ပွင့်
(ဒါရိုက်တာ-ညိုမင်းလွင်)
၁:၅၅ ရွှေမင်းသားဖောင်ဒေးရှင်း
(မြန်မာ)၏ မသန်စွမ်းသူများ
အတွက် Barrier Free
၂:၂၅ ထာဝရအမှတ်ရစရာ
ရွှေပြားပုံရိပ်လွှာ
၂:၅၀ သက်ကြီး မသန်စွမ်းကျောင်း၏
အသက်မွေးမှုပညာရပ်များ
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက်
အစားအစာ
၄:၁၀ လယ်တီသာသနာ၊
လယ်တီကျောက်စာ
၄:၄၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်...
ဖားအောက်တောရစခန်းမှသည်
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲ ပန်းတောင်းမြို့နယ်၌ ကျင်းပ

ပန်းတောင်း ဇွန် ၂၂

ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ပန်းတောင်းမြို့နယ် ရေဝင်ကျေးရွာအနီး နဝဒေးချဉ်းကပ်လမ်း မိုင်တိုင်အမှတ် (၁၁/၃) ၌ ကျင်းပရာ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်၊ ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း**(အပေါ်ပုံ)**၊ ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွန်းတို့က လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပျိုးပင်များကို ဖြန့်ဝေပေးသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ တက်ရောက်လာသူများက ကျွန်းပင် ၁၈၀၀ နှင့် ယူကလစ်ပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပျိုးပွဲ မင်းလှမြို့နယ်၌ ကျင်းပ

မင်းလှ ဇွန် ၂၂

သရက်ခရိုင် မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ ဇွန် ၅ ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးမိုးအောင်က ဌာနဆိုင်ရာများ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်သို့ ပေးအပ်ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံကျေးလက်ပြည်သူများ စိုက်ပျိုးမည့် ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ပေးအပ်ကာ ကျွန်း၊ တမာ၊ မဲဇလီ၊ ကုက္ကို၊ ယူကလစ် စုစုပေါင်း ၁၄၁၇၁၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေဘိုမြို့နယ်၌ ကျင်းပ

ရွှေဘို ဇွန် ၂၂

ရွှေဘိုမြို့နယ် ရွှေဘိုဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက် ၅၀၀၊ မန်ကျည်း ၁၅၀၊ တမာ ၁၅၀၊ မဉ္ဇူသက ၁၅၀၊ ကံ့ကော် ၁၀၊ ပိန္နဲ ၄၀ စုစုပေါင်း အပင် ၁၀၀၀ ကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၂

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာအခမ်းအနားတွင် ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းနယ်ပယ်မှ အရာထမ်းများ၏ အရည်အသွေးများ၊ အသိအမြင်များ တိုးတက်ကျယ်ပြန့်လာစေရန် ယခုကဲ့သို့သော သင်တန်းများဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များမှာ လက်တွေ့လုပ်ငန်းခွင်တွင်များစွာအသုံးဝင်သည့်အတွက် ကြိုးပမ်းသင်ယူကြရမည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ အလေ့အထများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးရင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေ ဆောင်ရွက်သွားရေး ဦးတည်ကြိုးပမ်းကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆွေးနွေးပို့ချ

ဘဏ်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁) တွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၅၀ သည် ရက်သတ္တ ၁၀ ပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝါရင့်စီးပွားရေး ပညာရှင်များ၏ ဆွေးနွေးပို့ချမှုများ စသည်တို့ကို လေ့လာသင်ယူကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော်ဝန်ထမ်းအိမ်ရာများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများ သီးနှံများကိုယ်တိုင်စိုက်ပျိုး ဈေးသွားရန်မလို အချိန်အခါမရွေး ခူးဆွတ်စားသုံးနိုင်

နေပြည်တော် ဇွန် ၂၂

နေပြည်တော်ဝန်ထမ်းအိမ်ရာများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ပြောကြား

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်က နေပြည်တော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီက မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာများ၊ လမ်းလယ်ကျွန်းများ၊ လမ်းအရှည် ၂၈ မိုင်ရှိ လမ်းဘေးဝဲ၊ ယာများ၌ ရောင်စုံဖူးပွင့်နေသော နှစ်ရှည်ပန်းအလှပင်များ၊ ရာသီပန်းအလှပင်များ၊ အရိပ်ရစားပင် စုစုပေါင်း အပင်ရေ ၁၂ သိန်းကျော် စိုက်ပျိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနကလည်း နေပြည်တော်စိမ်းလန်းစိုပြည်ရေးအတွက် ရတနာတန်းဝင်အပင်များ သုံးသန်းခွဲခန့် စိုက်ပျိုးပေးခဲ့ပြီး ယခုနှစ်တွင် ရတနာတန်းဝင် အပင်များ၊ နှစ်ရှည်အပင်ကြီးများကို လူနှစ်ဦးလျှင် တစ်ပင်နှုန်းဖြင့် စုစုပေါင်း အပင်ရေ ၇ သိန်းကျော် စိုက်ပျိုးနေဆဲဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများကိုယ်တိုင် စိုက်ပျိုးခြင်းဖြင့် အသီးအနှံများကို ဈေးများသို့ သွားရောက်ရန်မလိုဘဲ အလွယ်တကူ အချိန်အခါမရွေးခူးဆွတ်စားသုံးနိုင်ခြင်း၊ ဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သည့် သီးနှံများ စားသုံးနိုင်ခြင်း၊ သီးနှံပင်များကို မိမိကိုယ်တိုင် ပေါင်းသင် မြေဆွ မြေဩဇာထည့် ရေလောင်းစိုက်ပျိုးရသဖြင့် ကိုယ်လက်လှုပ်ရှားမှုရှိပြီး ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ ယင်းသို့ မိမိစားသုံးရန် စိုက်ပျိုးခြင်းဖြင့် တစ်ဖက်ကလည်း ချီးမြှင့်သည့်ဆုများကို ထိုက်ထိုက်တန်တန်ရရှိနိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရှိန်က လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်ဆေးရေးအဖွဲ့ခွဲ ဥက္ကဋ္ဌများက အဖွဲ့ခွဲအလိုက် ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့ အနယ်နယ်တွင် ဆောင်ရွက်

လောင်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးရုံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးထွန်းမြင့် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၁၂ ရက်က ကန်ကြီးထောင့်မြို့ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းအတွင်း ခြင်ဆေးဖျန်းခြင်းကို မြို့နယ်ဆရာဝန် ဒေါက်တာ ကျော်မျိုးလှိုင်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။(မြို့နယ်စည်ပင်)

ပြည်မြို့နယ်လုံးကျွတ် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို အဖွဲ့ခေါင်းဆောင် ဒေါက်တာဝင့်ဖြိုးသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စန်းလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ ဇွန် ၁၅ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ် သပြုပင်ကျေးရွာတွင် ဇွန် ၈ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ငှက်ဖျားကြီးကြပ်ရေးမှူး ဦးဝဏ္ဏလွင် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ ခြင်ထောင်များ လက်တွေ့ဆေးစိမ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (၁၁၂)

ကျောက်တန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယ သမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alexey N. Borodavkin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ကျော)

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရေးကြီး ဈေးကွက်ချဲ့ထွင်ရေးနှင့် အရောင်းမြှင့်တင်ရေး ကြိုးပမ်း

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဒဂုံမြို့သစ် (မြောက်ပိုင်း) သစ်အခြေခံစက်မှုနည်းပညာ သင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၂

အလယ်အလတ်အဆင့် စီမံခန့်ခွဲသူများသည် အထက်နှင့်အောက်ခြေအဆင့် ဝန်ထမ်းများအကြား ပေါင်းကူးပေးရသူများဖြစ်သဖြင့် အုပ်ချုပ်မှု အရည်အချင်းနှင့် နည်းပညာအရည်အချင်း စသည့်ကျွမ်းကျင်မှုများ လိုအပ်ကြောင်း၊ ယခုသင်တန်းသည် သစ်အခြေခံစက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်အထူး ကောင်းမွန်သည့် သင်တန်းဖြစ်ကြောင်းဖြင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သစ်အခြေခံ စက်မှုနည်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံစက်ရုံများအတွက် စက်ရုံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၇)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများ ရှေ့တန်းတင်လာကြပြီဖြစ်၍ သဘာဝသစ်တော သယံဇာတများကို စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရင်း သစ်လုံးလိုက် တင်ပို့မှုလျှော့ပြီး တန်ဖိုးမြင့်သစ်အချောထည် ထုတ်လုပ်တင်ပို့မှုဦးတည်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးသည် အရေးကြီးကြောင်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်းမှာ ကုန်ကြမ်းနည်းနည်းနှင့် အရည်အသွေးမြင့် ဈေးကွက်ဝင် ကုန်ချော ပမာဏ ပိုမိုထွက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်ရာ နည်းပညာတိုးတက်ရေး၊ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် အရောင်းမြှင့်တင်ရေး ကြိုးပမ်းသွားခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်းဖြင့် မှာကြားပြီး သင်တန်းကျောင်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီး၌ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော အားကစား ဝန်ကြီးဌာနမှ အရာထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မြန်မာ့အားကစားအောင်နိုင်ရေး ငွေအား၊ လူအားပေါင်းစပ်အသုံးပြု အားကစားသမားများ၏ အရည်အသွေးတိုးတက်အောင်လေ့ကျင့်

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီး၌ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော အားကစားဝန်ကြီးဌာနမှ အရာထမ်းများအား တွေ့ဆုံမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက မှာကြားရာ၌ ယနေ့အစည်းအဝေးတွင် ဆွေးနွေး ဆောင်ရွက်ချက်များသည် အဖွဲ့ချုပ်အသီးသီး၌ တွဲဖက်တာဝန် ထမ်းဆောင်နေကြသည့် အရာထမ်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်ပင် ဖြစ်ကြောင်း၊ မကြာသေးမီက ပြုလုပ်ခဲ့သော မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေ ပေးအပ်ပွဲတွင် စေတနာရှင်၊ အလှူရှင်များ၏ စိတ်အားထက်သန်စွာ ထည့်ဝင်လှူဒါန်းမှု ပမာဏကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသားတို့၏ အားကစားအပေါ် အားပေးချီးမြှောက်မှုကို ကျေနပ်အားရစွာ တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် မြန်မာ့အားကစားအောင်နိုင်ရေးအတွက် ငွေအား၊ လူအားနှစ်ရပ်ကို ပေါင်းစပ်ကာ စနစ်တကျအသုံးပြုကြရန်၊ အားကစားသမားများ၏ အရည်အသွေးများကိုလည်း တိုးတက်အောင် လေ့ကျင့်ပေးရန်နှင့် စည်းကမ်းရှိရှိ လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစား အဖွဲ့ချုပ်များ၌ တာဝန်ထမ်းဆောင်နေကြသည့် မိမိဌာနမှ အရာထမ်းများ အနေဖြင့်လည်း ထူးချွန်ထက်မြက်စွာ ကြိုးစားလုပ်ကိုင် သွားရန်လိုကြောင်း၊ အဖွဲ့ချုပ်အသီးသီး၌ တွဲဖက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အဘက်ဘက်မှထူးချွန်ထက်မြက်ပြီး ဦးဆောင်နိုင်သူများအဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက စခန်းသွင်းလေ့ကျင့်နေကြသည့် အားကစားအဖွဲ့ချုပ်အသီးသီးသို့ ကြီးကြပ်စစ်ဆေးမည့် နည်းစနစ်ပိုင်းဆိုင်ရာများနှင့်အုပ်ချုပ်မှုပိုင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က အားကစားလေ့ကျင့်ရေး သဘောတရားပိုင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသိန်းအောင်က အားကစားလေ့ကျင့်ချိန်ကာလနှင့် စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တွဲဖက်တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်းများအား ပေါင်းစပ်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်/ရှောင်ရန်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အားကစားအဖွဲ့ချုပ်တစ်ခုချင်းမှ တာဝန်ရှိသူများက အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA International Inc. မှ Managing Director Mr. Hosub In ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကာ သီလဝါဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA International Inc. မှ Managing Director Mr. Hosub In ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၃-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဖိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ သင်္ချာဗေဒ အထူးပြုများ) (ရူပဗေဒ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၂၀ ၈။ **သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်** (Forest China The Taklamakan Desert) (Part-2)
- ၅:၃၅ ၉။ **ရတနာစုံညီ နေပြည်တော်ဆီ**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၆)
- ၆:၄၀ ၁၃။ **ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း**
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြက်ကြက်ဖန်ဖန်အမွေဆိုင်** (အပိုင်း-၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၇)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၀)
- ၂၁။ အစီအစဉ်ပြီး၏။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ပညာရေးဝန်ကြီးဌာန၌ ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဝင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေတို့ တက်ရောက်အားပေးကြသည်။

ငါးမျိုးစိုက်ထည့်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီးများသည် သတ်မှတ်နေရာများ၌ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ကြီးဌာန လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ပျိုးပင်များကို ပေးဝေကြပြီး အရာထမ်း၊ အမှုထမ်းများက ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတွင် ရတနာတန်းဝင်ကျွန်းနှင့် သစ်ဆိမ့်၊ မန်ကျည်း၊ စိန်တံချူ၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဗာဒံ၊ ယူကလစ်၊ ရင်းမာ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ငုရွှေဝါ၊ ပြည်ပန်းညို ပျိုးပင်ပေါင်း ၁၆၇၄ ပင် စိုက်ပျိုးပေးခဲ့ပြီး ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ မြက်စားငါးကြင်းနှင့် ငါးခုံးမကြီး ငါးပေါက်ကောင်ရေ ၁၀၈၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော “မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ” ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယခင်နှစ်များကဲ့သို့ ကျင်းပမည်ဖြစ်သည်။

တင်ဆက်ပြသမည်

ဒါရိုက်တာမောင်သီ စီစဉ်တင်ဆက်၍ မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ ခိုင်သင်းကြည်၊ လင်းဇာနည်ဇော်၊ စုလှိုင်နှင်း၊ ရတနာခင်၊ ခိုင်နှင်းဝေ၊ မျိုးစန္ဒီကျော်၊ မိုးပြည့်ပြည့်မောင်၊ ဂန္ဓဝင်၊ ချောရတနာ၊ ပုလဲဝင်း၊ သဇင်၊ နန်းဆုရတီစိုး၊ အေးမြတ်သူ၊ စိုးပြည့်သဇင်၊ မိုးယုစံ၊ မေသက်ခိုင်၊ ဂျင်းနီ၊ ဝတ်မှုန်ရွှေရည်၊ ဖူးဖူးမောင်၊ ခင်မို့မို့အေး၊ ဒေါ်နွဲ့နွဲ့စန်း၊ ဝါဆိုမိုးဦး၊ နေခြည်လင်းလဲ့၊ သီရိရှင်းသန့်၊ သက်သခင်၊ မေဖြူဖြူ၊ သန္တာဗို၊ မြနှင်းရည်လွင်နှင့် တင်မိုးလွင် ဦးဆောင်သော (Talents & Model Agency) မှ မော်ဒယ်သရုပ်ဆောင်များ၊ ဆံကေသာအလှပြသမီးပျိုလေးများဖြင့် ဒီဇိုင်နာ လတ်လတ်၊ Euphoria၊ မပုံ့၊ စုစုဝေ၊ အမြတ်တနိုး၊ သက်ဝင့်စု၊ မေမြတ်ဝါဆို၊ ညီမာသန့်တို့၏ ဝတ်စုံဒီဇိုင်းများ၊ မိတ်ကပ်ခင်စန်းဝင်းက အလှဖန်တီးပြီး တစ်ခန်းရပ်ပြဇာတ်နှင့် သုံးရာသီ Fashion Show၊ ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်တို့၏ သုံးပါးပြိုင်အက၊ ယဉ်ကျေးမှုတက္ကသိုလ် သမီးပျိုလေးများ၏ ကောက်စိုက်ယိမ်း၊ ဆီမီးခွက်ယိမ်း၊ ပုဂံယိမ်းအကများ၊ အထက(၂) စမ်းချောင်းမှ သမီးပျိုလေးများ၏ လက်ပံပွင့်ကောက်အကနှင့် နှောင်နှောင် (Sun Flower) စီစဉ်မှုဖြင့် ရာဇာဝင်းတင့်၊ ဘိုဘို၊ ဘိုဖြူ၊ ဖြိုးကြီး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း Example၊ ထက်နေခြည်၊ အောင်ခန့်၊ ဩရသ၊ ကျော်သီဟ၊ ဖြိုးကျော်ထိုက်၊ ဟေမာနေဝင်း၊ ဝိုင်းစုခိုင်သိန်း၊ ခွန်းဆင့်နေခြည်၊ ပန်းအိဖြူ၊ သီရိဆွေ၊ နီနီခင်ဇော်၊ ရတနာမိုင်၊ အေသင်ချိုဆွေ၊ မို့မို့လွင်၊ ခိုင်သဇင်သင်း၊ ရွှေရွှေခိုင်တို့၏ သီဆိုဖျော်ဖြေမှုများ ပါဝင်မည်။ ထို့အပြင် Five Star လူရွှင်တော်အဖွဲ့က တစ်ခန်းရပ်ဟာသဇာတ်လမ်းများဖြင့်လည်း တင်ဆက်ပြသမည်ဖြစ်သည်။

ရောင်းချ

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရရပ်ကွက် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ညစဉ် ၆ နာရီမှစ၍ ပြသဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးလက်မှတ်များကို ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၇၀၀၀၊ ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။ လက်မှတ်များကို အမျိုးသားဇာတ်ရုံနှင့် Lucky Seven လက်ဖက်ရည်ဆိုင် ဆိုင်ခွဲများ (တာမွေ၊ အလုံ၊ ၄၉လမ်း၊ ရွှေဂုံတိုင်၊ မရမ်းကုန်း) ဆိုင်များ၌ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုပရာနိုဗာလင်တီးနားနာဖောနီတာ အကောင်းဆုံး ကမ္ဘာ့အဆိုတော်ဆု ဆွတ်ခူး

လန်ဒန် ဇွန် ၂၂

ဗြိတိန်နိုင်ငံ ကာဒစ်မြို့၌ မကြာမီက ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့သီချင်းဆိုပြိုင်ပွဲ ကျင်းပခဲ့ရာ မော်ဒိုဗာနိုင်ငံမှ ဆိုပရာနိုဗာလင်တီးနားနာဖောနီတာ (Soprano Valentina Nafornita)က အကောင်းဆုံး ကမ္ဘာ့အဆိုတော်ဆု ဆွတ်ခူးရရှိသွားခဲ့သည်။ ***(ယာပုံ)***

အသက် ၂၄ နှစ်အရွယ်ရှိ မော်ဒိုဗာနိုင်ငံသူ ဗာလင်တီးနားသည် ဗြိတိသျှ ရုပ်/သံကြည့်ရှုသူများက ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ အကောင်းဆုံးအဆိုတော်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ သူမသည် ကာဒစ်မြို့၌ လွန်ခဲ့သည့် ဇွန် ၁၉ ရက်က ယင်းဆုပေးပွဲမတိုင်မီ နောက်ဆုံး ဆန်ခါတင် ငါးဦးတွင် ပါဝင်သီဆိုခဲ့သူဖြစ်သည်။

အဆိုပါ ကမ္ဘာ့သီချင်းဆိုပြိုင်ပွဲတွင် အင်္ဂလန်အဆိုတော် မီးတာရာဗယ် (Meeta Raval)၊ ရုရှားအဆိုတော် အိုလီစရားပီထရိုဗာ (Olysya Petrova)၊ တောင်ကိုရီးယားအဆိုတော် ဟေးဂျန်လီ (Hye Jung Lee)နှင့် ယူကရိန်းအဆိုတော် အန်ဒရီဘွန်ဒါရင်ကို (Andrei Bondarenko) တို့လည်း ပါဝင်သီဆိုခဲ့ကြသည်။

မော်ဒိုဗာအဆိုတော် ဗာလင်တီးနားသည် အဆိုပါ သီချင်းဆိုပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် ပေါင်ငွေ ၁၅၀၀၀ ဆွတ်ခူးရရှိသွားခဲ့သည်။ ယူကရိန်းအဆိုတော် ဘွန်ဒါရင်ကိုက ယင်းပြိုင်ပွဲတွင် ဒုတိယဆုဆွတ်ခူးရရှိခဲ့သည်။ ***(အင်တာနက်)***

မယ်လိုဒီတေးဂီတဆု အဆိုတော်ဂျေးချူ ဆွတ်ခူး

မြင့်မောင်စိုး- စုစည်းသည်

ဆိုးလ် ဇွန် ၂၂

အာရှတစ်ခွင် အောင်မြင်ကျော်ကြားနေသော တေးရေး၊ တေးဆို အဆိုတော်ဂျေးချူ (Jay Chou)သည် Jonathan's Song ဖြင့် တစ်နှစ်တာအကောင်းဆုံးသီချင်းဆု ဆွတ်ခူးရရှိသွားခဲ့သည်။

ဆွတ်ခူး

ပေါ့ပ်အဆိုတော်ဂျေးချူသည် ယင်းတေးဂီတဆုပေးပွဲတွင် Cross generation တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးမန်ဒါရင် တေးအယ်လ်ဘမ်ဆု (Best Mandarin Album)ကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုတော်ဂျေးချူသည် ယင်းတေးအယ်လ်ဘမ်ဖြင့်ပင် အကောင်းဆုံးမန်ဒါရင် အမျိုးသားအဆိုတော်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံးအမျိုးသမီး မန်ဒါရင်အဆိုတော်ဆုကို ဟောင်ကောင်အဆိုတော် ကာရင်မော့ခ် (Keren Mok) က Precious အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ အကောင်းဆုံးတေးရေးဆရာဆုနှင့် အကောင်းဆုံးသီချင်းစာသားဆုကို ဂျိုနာသန်လီ (Jonathan Lee) က ရရှိခဲ့သည်။

(အင်တာနက်)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကာလမှာ ဇူလိုင် ၁၄ ရက်အထိ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက်က အားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အားကစားဝန်ကြီး၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)

ဘိုးလင်းပြိုင်ပွဲဝင်ရန် ကြိုတင်လေ့ကျင့်

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဘိုးလင်းအားကစားအသင်းမှ အိုလံပစ်နေ့ အထိမ်းအမှတ်ပြိုင်ပွဲဝင်ရန် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခုနစ်ဦးတို့ ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ဝင်းအတွင်းရှိ Right Track Bowling ခန်းမ၌ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် နည်းပြဦးမျိုးအောင် သင်ကြားမှုဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း သိရှိရသည်။**(အောက်ပုံ)(မြန်မာ့အလင်း)**

အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ သက်ဆိုင်ရာ အားကစားစခန်းများ၌ ဝူရှူး၊ တင်းနစ်၊ ကာယဗလ/အလှ၊ တိုက်ကွမ်ဒိုနှင့် သေနတ်ပစ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ဝူရှူးပြိုင်ပွဲအမျိုးသား/အမျိုးသမီး (ဆန်းဆို)ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးအလွတ်တန်း (ထောက်လု)ပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး အသက် ၁၀ နှစ်အထက် လူသစ်တန်းပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်တို့မှ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမရွေးချယ်လေ့ကျင့်ပေးထားသော အမျိုးသား/အမျိုးသမီး အားကစားသမားများက လက်ရည်စမ်း သရုပ်ပြကစားကြပြီး သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် သေနတ်ပစ်ပြိုင်ပွဲများကို ညနေ ၃ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌

ကျင်းပရာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအတွက် ပဏာမရွေးချယ်လေ့ကျင့်ပေးထားသည့် အမျိုးသား/အမျိုးသမီး အားကစားသမားများက ပစ်ခတ်စဉ် ၁၃ မျိုး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်စံချိန်ဆုများအဖြစ် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲ ရွှေစံချိန်ဆုအား ၁၀ မီတာ လေပစ္စတို အမျိုးသားပစ်ခတ်စဉ်၌ မိုးကျော်ကျော်က လည်းကောင်း၊ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲ ရွှေစံချိန်ဆုအား ၁၀ မီတာ လေပစ္စတို အမျိုးသားပစ်ခတ်စဉ်၌ မောင်ကြူးနှင့် မီတာ ၅၀ ပွိုင့် ၂၂ ရိုင်ဖယ်ဝမ်းလျားမှောက် အမျိုးသမီးပစ်ခတ်စဉ်၌ သန်းသန်းစောတို့က စံချိန်ဆုများ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါ ကသာခရိုင်၌ ပညာပေးဟောပြော

ကသာ ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသန်းထိုက်သည် ကသာခရိုင်ဦးစီးမှူး ဦးပြုံးနှင့်အတူ မေ ၂၈ ရက်မှ ဇွန် ၁၀ ရက်အထိ ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ ကျွဲ၊ နွား ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဝက်နားရွက်ပြာရောဂါ ပညာပေး ဟောပြောပွဲများ ကွင်းဆင်းဟောပြောဆောင်ရွက်သည်။

ရှေးဦးစွာတိုင်းဒေသကြီး ဦးစီးမှူးက ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်နည်းလမ်းများကိုလည်းကောင်း၊ ကသာခရိုင် ဦးစီးမှူးက ဝက်ရောဂါများနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း၊ ဇီဝလုံခြုံမှုနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အချက်အလက်များအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူ ကျေးရွာပြည်သူများ၏ မေးမြန်းချက်များကို တိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၂၂)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဆီဆိုင်မြို့နယ် အင်ကြင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မေ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဖယ်ခုံမြို့နယ် စဝ်စံထွန်းလမ်း ပလက်ဖောင်းကတ်တုံးများ ပြုလုပ်နေမှုကို မေ ၂၀ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် ဓမ္မာရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့နယ် စက်မှုဇုန်ရပ်ကွက် ဗိုလ်တေဇလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းကို မေ ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မြို့မဈေးအတွင်း အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများစုပေါင်း၍ ဇွန် ၁ ရက်က သန့်ရှင်းရေး ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် ဈေးကော်မတီဝင်များ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဒုတိယဝန်ကြီး ဦးသန်းထွန်း သမဝါယမအသင်းများဖွဲ့စည်းရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၂

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇွန် ၂၁ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့၌ သက်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သမဝါယမအသင်းများ ဖွဲ့စည်းရေးကိစ္စများကို ဆွေးနွေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်ရုံးခန်း၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံ၍ တက္ကသိုလ်စားသုံးသူ သမဝါယမအသင်း (University Con-Co) ဖွဲ့စည်းရန်နှင့် သမဝါယမဝန်ကြီးဌာနက ထောက်ပံ့ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

တင်ပြဆွေးနွေး

ယင်းနောက် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြပြီး တက္ကသိုလ်မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် ပြန်လည်တင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့သို့ သွားရောက်၍ တက္ကသိုလ်စားသုံးသူ သမဝါယမ အသင်းများဖွဲ့စည်းရန် ဆွေးနွေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာသို့ရောက်ရှိပြီး ဈေးဆိုင်ခန်းများ ပြုပြင်တည်ဆောက်ရန် သမဝါယမချေးငွေဖြင့် အမိုးသွပ်များ ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေး ရှမ်းမြို့နယ်၌ ဟောပြောပွဲကျင်းပ

ရှမ်း ဇွန် ၂၂

သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက ရှမ်းမြို့ ဗထူးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)**မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်နိုင်က သစ်တောရေးရာဆိုင်ရာများအကြောင်း ပြောကြားခဲ့သည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဦး၊ တောအုပ်ဦးညွန့်အောင်၊ တောအုပ်ဦးမင်းအောင်၊ တောခေါင်း ဦးအောင်မျိုးလင်း၊ တောအုပ်ကြီး ဦးမျိုးညွန့်တို့က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

မေးမြန်း

ထို့နောက် ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိလို၍ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းတူးဖော်

ကျောင်းကုန်း ဇွန် ၂၂

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကညင်သုံးဆင့်ကျေးရွာတွင် ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေမှုကို မေ ၁၅ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြောင်းမြမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်မြေတူးစက်ဖြင့် ဇွန် ၇ ရက်က ဗိုလ်ဗထူးလမ်း ရေနုတ်မြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ခေတ်အဆက်ဆက် ယဉ်ကျေးလှပ မြန်မာအမျိုးသမီးဘဝ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၀ ရက်က ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

(ဝ၄၅)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၂

ကော့မှူးမြို့နယ် နှစ်ခွကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ကော့မှူးမြို့နယ်၏ (၇၈)တိုက်မြောက် နှစ်ခွကျေးရွာ သုတဗျူဟာ စာကြည့်တိုက်ဖွင့်ပွဲကို မေ ၃၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဘစံနှင့် မြို့နယ်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ကြိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ထို့နောက် ကျေးရွာပြည်သူများက စာအုပ် ၁၂၈၁အုပ်၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၃၀၀၊မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၅၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းက စာအုပ်စာစောင် ၃၀၀နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးက စာအုပ် ၅၈ အုပ်ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်မှာ (၂၅×၁၈)ပေ သမံတလင်းခင်း၊ အုတ်ကာ၊ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ၌ ပညာတံခွန်စာကြည့်တိုက်ဖွင့်

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အုပ်စု ငါးကြီးအင်းကျေးရွာ ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ သထုံခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းနှင့် သိမ်ဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကင်ချွန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်များက ငွေပဒေသာပင် ငွေကျပ် ၁၂၀၀၀၀၊ စာအုပ်စာစောင် ၄၇၉အုပ်နှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀သိန်းနှင့် အများပြည်သူ စုပေါင်းလှူဒါန်းငွေကျပ် ၁၇ သိန်း စုစုပေါင်း ငွေကျပ် ၂၇ သိန်း အကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၇၃၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျိုင်းတုံခရိုင်အတွင်း နွေစပါး စံကွက်ရိတ်သိမ်း

ကျိုင်းတုံ ဇွန် ၂၂

ကျိုင်းတုံခရိုင် စိုက်ပျိုးထုတ်ကုန်တိုးတက်မြင့်မားရေးအတွက် နှစ်စဉ်နွေစပါး ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးရာသီတွင်လည်း ဧကပေါင်း ၁၂၅၈၅ ဧက စိုက်ပျိုးခဲ့ပြီး ယခုအခါ ရိတ်သိမ်းနေကြပြီဖြစ်သည်။ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု တောင်သူ ဦးညီလင်း၏ လယ်မြေ၌ စိုက်ပျိုးထားသည့် ဆင်းရွှေဝါစပါးမျိုးအား ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို မေ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊စိုက်ပျိုးညှိနှိုင်းမှုကော်မတီများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး စံကွက်ရိတ်သိမ်းမှုတွင် တစ်ဧက ၁၅၁ ဒသမ ၇၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ကျော်ဦးက ဤသို့အထွက်ကောင်းရခြင်းမှာ မျိုးကောင်းမျိုးသန့် အသုံးပြု၍ သိပ္ပံနည်းကျ စနစ်တကျလိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးပက်ထရစ်စိန်ရင်-ဒေါ်ခင်မေဦးတို့၏သား

မောင်ဖြိုးပြည့်စုံ

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ
ဦးစိုးအောင်-ဒေါ်ခင်စန်းတို့၏သမီး

မခင်အေးဝင်း (ခ) ချောစု

တို့သည် ၁-၅-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် Summit Parkview Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးပြည့်စုံ-မခင်အေးဝင်း(ခ)ချောစု

လူပျောက်ကြော်ငြာ

ဦးမျိုးမြင့်၏သား မောင်မျိုးမင်း(ခ) မောင်မျိုးဆန်း အသက်(၁၄)နှစ်သည် ၄-၆-၂၀၁၁ရက်တွင် မန်းမြန်မာပလာဇာ၌ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ လက်ခံထားသူအား တရားဥပဒေအရ အရေးယူခြင်းခံရမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀၁၅၁၀၉၊ ၀၉-၈၁၀၀၁၄၄၉၊ ၀၁-၆၆၇၃၃၁



အမြန်ဆက်သွယ်ပါ

သန်လျင် အောင်ချမ်းသာရပ်ကွက်နေ မအေးအေးခိုင်၏ မိတ်ဆွေ ယခင်က တက်ဖျာရွာ(ယခုလှိုင်သာယာနေ) မသန်းငွေ၏သမီး ဇင်မာဝေသည် နေမကောင်းဖြစ်ပြီး ကလေးဆေးရုံတွင် ဆေးကုသမှုခံယူနေပါသည်။ ဤကြော်ငြာတွေ့က အဘွားနှင့် အမြန်ဆက်သွယ်ပါ။

အဘွားကြူ(ပုဇွန်တောင်)
ဒေါ်ကြူကြူဝင်း ၁၂/ဒဂန(နိုင်)၀၁၉၆၇၈
အမှတ် ၄၃၊ ကျီတော်လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဆုတောင်းမေတ္တာပို့သခြင်း

ကျွန်တော် ဦးမောင်မောင်စီ၏ (၆၂)နှစ်မြောက်မွေးနေ့နှင့် ကျွန်မ ဒေါ်စုစုအောင်၏(၄၅)နှစ်မြောက်မွေးနေ့၊ (၂၄)နှစ်မြောက်မင်္ဂလာနှစ်တွင် ခင်ပွန်းကြီး(၁၀)ပါးဝင်များဖြစ်ကြသည့် ကျွန်တော့်အား သေတွင်းမှ လွတ်အောင် အထူးကြပ်မတ်ဆေးဝါးကုသပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးကင်ဆာနှင့်ဓာတ်ရောင်ခြည်ဌာန၊ အဆုတ်နှင့်ရင်ခေါင်းဌာနတို့မှ သမားတော်ကြီးများနှင့် ဆရာဝန် ဆရာမ၊ ဝန်ထမ်းများ၊ ကျွန်မတို့မိသားစု အစစအရာရာ စိတ်ရောကိုယ်ပါ ရန်းထမရလောက်အောင် ခက်ခဲကျပ်တည်းစဉ်တွင် ဆွဲထူကူမ နှလုံးလှခဲ့ကြသော မိခင် မြန်မာ့မီးရထားမှ အကြီးအကဲ ဆရာသမားများနှင့် မြန်မာ့မီးရထားမှ ဆွေမျိုးများ၊ မြစ်ငယ်မှ အစ်ကိုနှင့်အစ်မ၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ဆရာ၊ ဆရာမ၊ မိတ်ဆွေသူငယ်ချင်းကောင်းများအားလုံးကို နေ့စဉ်ရှိခိုး ဦးခိုက်ကန်တော့လျက် ယခုနှင့်နောင်သံသရာ ကောင်းကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်ရင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးမောင်မောင်စီ	-	**အကြီးတန်းစာရေး(ငြိမ်း) မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ**
ဒေါ်စုစုအောင်	-	**အငယ်တန်းစာရေး(မြန်မာ့မီးရထား-စက်ခေါင်းစက်ရုံ)**
သမီးကြီးမေကြည်သန်း	-	**B.A (Hons:), M.A 1st Year (English) YU**
သားမောင်ခင်ကျော်	-	**B.Ed 2nd Year, YIOE**
သမီးငယ် နန်းယုထက်	-	**DTEd 1st Year, HEC**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

(၁) **Maintenance Engineer (Heavy Vehicle)** — **ကျား(၁)ဦး**

B.E (or) A.G.T.I(Mechanical)

- သစ်ထုတ်လုပ်ရေးလုပ်ငန်းသုံး ယန္တရားကြီးများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ် အထက်ရှိရမည်။

(၂) **Mechanic (Heavy Vehicle)** — **ကျား(၁)ဦး**

- သစ်ထုတ်လုပ်ရေးလုပ်ငန်းသုံး ယန္တရားကြီးများ စက်ပြင်ဆင်ခြင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ် အထက်ရှိရမည်။
- အမှတ်စဉ်နှစ်ခုလုံးအတွက် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။
- နယ်လုပ်ငန်းခွင်သို့ အရေးကြီးကိစ္စရှိပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုနှင့် အရည်အချင်းပေါ်မူတည်၍ ထိုက်တန်သော လစာခံစားခွင့်ပြုမည်။
- အလုပ်သမား မှတ်ပုံတင်မိတ္တူပါရှိရမည်။ ကြော်ငြာသည့်ရက်မှ တစ်ပတ်အတွင်း။

Paung Loung Wood Enterprise Co., Ltd.
တိုက်-၂၊ အခန်း ၂၁/၂၂ (ပထမထပ်)၊ ရှစ်မိုင်လမ်းဆုံ၊
ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၅၆၃၀၅၊ ၆၅၆၃၀၆သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

Star Resources Hospitality Management Academy မှ ကြီးမှူးကျင်းပသော ပညာရေး ဆွေးနွေးပွဲကို ဇွန် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel တွင် ကျင်းပသွားမည်ဖြစ်ပြီး London Hotel School College ကျောင်းအုပ်ကြီး Mr. Roderick Hardingham က ဆွေးနွေးဟောပြောမည်ဖြစ်ရာ တက်ရောက်လိုပါက ရန်ကုန်မြို့ရှိ Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/၄ မြေကွက်အမှတ်၃၉၊လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာစီမံကိန်း)အမှတ် ၆၈/၇ ဟုခေါ်တွင်သော အလျား ပေ၅၀×၅၅ပေ၊ အနံပေ၅၀ (ဧရိယာ ၀ဒသမ ၀၆၀ ဧက)အကျယ်ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဒေါ်ခင်ကြည် ၁၂/ပဘတ(နိုင်) ၀၂၃၃၂၄ ထံမှ တစ်ဆင့် တရားဝင်ဝယ်ယူထားသော လက်ရှိပိုင်ရှင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာမာ(အထက်တန်းရှေ့နေ၊ စဉ်-၁၄၇၁၄)
B.Econ, H.G.P, R.L.I, D.B.L, D.L 101 WIPO (Switzerland)
အမှတ်၅၈ (တထပ်)၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၁၇၁၇၊၀၉-၇၃၀၃၅၆၅၈

ရန်ကုန်ပညာရေးတက္ကသိုလ်

၁၉၇၂ခုနှစ်တွင် စတင်တက်ရောက်ခဲ့ကြသော
သူငယ်ချင်းအပေါင်းတို့ရေ
တို့တစ်တွေ ပထမအကြိမ် တွေ့ဆုံကြရအောင်

နေ့ရက်	- ၃-၇-၂၀၁၁ရက်(တနင်္ဂနွေနေ့)		
အချိန်	- နံနက် ၁၀ နာရီ		
နေရာ	- အထက(၃)စမ်းချောင်းခန်းမ		
ဆက်သွယ်ရန်	- ရှိန်းသိန်းအောင်	ဖုန်း-၀၉-၅၁၉၃၈၅၀၊	
	စန်းစန်းဌေး	ဖုန်း-၀၉-၇၃၀၁၂၅၄၉၊	
	သူဇာ	ဖုန်း-၀၉-၇၃၀၉၅၂၅၇၊	
	ခင်သန့်စင်	ဖုန်း-၀၉-၇၃၁၃၉၄၅၈	

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော နတ်မောက်-ရဲကွင်းလမ်းပေါ်ရှိ တံတားအမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အီရတ်-အာဖဂန်သတင်းများ

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား၊ ၃၀ ခန့်သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတစ်ဝန်းတွင် ဇွန် ၂၁ ရက်က နေရာအနှံ့ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၃၀ ခန့် သေဆုံးပြီး ၅၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဇွန် ၂၂ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ဗုံးပေါက်ကွဲမှုတစ်ခုမှာ ဒီဝါနီယာမြို့ရှိ ပြည်နယ်အစိုးရရုံးအနီး ကားဗုံးနှစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၂၅ ဦးသေဆုံးပြီး ၃၄ ဦးဒဏ်ရာရရှိခဲ့သည်။ အနီးဝန်းကျင်ရှိအိမ်နှင့် မော်တော်ယာဉ်များလည်း ပျက်စီးခဲ့သည်။

ထို့အတူ အယ်လ်မူယက်စ်မြို့တွင် ကော်ဖီဆိုင်တစ်ဆိုင်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။ တစ်ဖန် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ယင်းနေ့က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗုံးပေါက်ကွဲ

ကဘူးလ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇွန် ၂၁ ရက်က ဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက ဇွန် ၂၂ ရက်၌ ပြောကြားသည်။

သေဆုံးခဲ့

နေတိုးတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်စစ်ဆေးမှုများ ပြုလုပ်နေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း နေတိုးတပ်ဖွဲ့ဝင် ၂၅၀ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၂၇၇** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၉၄၈၁** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၂၇၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၄၈၁ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၃၉၉၄** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၅၄၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၉၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၅၄၈ ဦး

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. Alexey N.Borodavkin** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၂၂-၆-၂၀၁၁

ကျိုက္ခမီမြို့	၄ ဒသမ ၀၂ လက်မ
ထားဝယ်မြို့	၃ ဒသမ ၃၄ လက်မ
မအူပင်မြို့	၂ ဒသမ ၈၇ လက်မ
ခရမ်းမြို့	၂ ဒသမ ၈၄ လက်မ
ချောင်းဆုံမြို့	၂ ဒသမ ၆၄ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၅၆ လက်မ
မုဒုံမြို့	၂ ဒသမ ၃၆ လက်မ